www.dhammaransi.com

# နိုင်ငံတော် ဝန်ကြီးချုပ်၏

# ကျေးဇူးတင်မိန့်ခွန်း

www.dhammaransi.com

ဆဋ္ဌသံဂါယနာနှင့် သာသနာတော် ၂၅၀၀-ပြည့် အောင်ပွဲကြီးတွင်
ဆရာတော် သံဃာတော်များကို ဦးထိပ်ထား၍
လူအား ငွေအားဖြင့် ကူညီဆောင်ရွက်ကြသော
အသင်းအဖွဲ့အသီးအသီးနှင့် ပုဂ္ဂိုလ်အသီးအသီးတို့အား
နိုင်ငံတော် ဝန်ကြီးချုပ်၏

# ကျေးဇူးတင် မိန့်ခွန်း

❖❖❖❖❖❖❖❖

**ဘဝတု သဗ္ဗမင်္ဂလံ။** ။သဗ္ဗမင်္ဂလံ၊ အလုံးစုံသော ကြက်သရေ မင်္ဂလာ အပေါင်းသည်။ ဘဝတု၊ ဖြစ်ပါစေသော်။

ကုသိုလ်ကောင်းမှု ပြုဘော်ပြုဘက်ဖြစ်ကြတဲ့ ပုညသဟာယ, သူတော်ကောင်းတရား ကျင့်ဘော်ကျင့်ဘက်ဖြစ်ကြတဲ့ ဓမ္မသဟာယအဖြစ်ဖြင့် ကြွရောက်လာကြသော အသင်းအဖွဲ့ ခေါင်းဆောင်အသီးသီးနှင့် ပုဂ္ဂိုလ်အသီးသီးတို့အား ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ ဤမေတ္တာ သုံးပါးကို ရှေ့ထား၍ ကတညုတကတဝေဒီ မင်္ဂလာတရား ပွါးများစေရန် ကျေးဇူးတင် စကား ပြောကြားအပ်ပါတယ်။

လွတ်လပ်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အတွင်းဝယ် အတူတကွ လူ့အဖြစ်ကို ရကြ၍ ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးနှင့် ကြုံကြိုက်ကာ တဦးနှင့်တဦး ကုသိုလ်ကောင်းမှု ပြုဘော်ပြုဘက်မိတ်ဆွေ ပုညသဟာယ, သူတော်ကောင်း တရား ကျင့်ဘော်ကျင့်ဘက်မိတ်ဆွေ ဓမ္မသဟာယဖြစ်ကြရခြင်းမှာ—

www.dhammaransi.com



ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ—

ဟု **ဓမ္မပဒ** ဒေသနာတော်စသည်တွင် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အတိုင်း ရှေးရှေးဘဝတို့က အတူတကွ နေထိုင်ခဲ့ဘူး၍ ကုသိုလ်ကောင်းမှုကို အတူတကွ ပြုခဲ့ဘူးခြင်း အကြောင်းတချက်, ယခု ပစ္စုပ္ပန်ဘဝတွင် တဦးနှင့်တဦး အကျိုးစီးပွါး ဆောင်ရွက်၍ ကုသိုလ်ကောင်းမှု အတူတကွ ပြုခဲ့ခြင်း အကြောင်း တချက်၊ ဤအကြောင်းနှစ်ချက်ကြောင့် ဖြစ်ရပါတယ်၊ ဘဝများစွာ သံသရာက အတူပါလာတဲ့ မိတ်ဆွေဟောင်းကြီးတွေနှင့် ယခုဘဝ မိတ်ဆွေသစ်ကြီးတွေကို တွေ့ရ ပေါင်းသင်းဆက်ဆံရ ကုသိုလ်ကောင်းမှု အတူပြုရ သူတော်ကောင်းတရား အတူကျင့်ရတဲ့အတွက်လဲ တသက် နှင့် တကိုယ်ဘွင် မမေ့နိုင်လောက်အောင် အကြိမ်ကြိမ် ပီတိဖြစ်ကာ ဝမ်းသာမိပါတယ်။

## ဆဋ္ဌသံဂါယနာ ဖြစ်ပေါ်လာပုံ

ယခု ပြီးမြောက် အောင်မြင်သွားတဲ့ ဆဋ္ဌသံဂါယနာပွဲ အကြောင်းကို အနည်းငယ် ရှင်းပြလိုပါတယ်၊ ခေတ်ကြပ်ကြီးထဲ ခေတ်ဆိုးကြီးထဲ ထိုဆဋ္ဌသံဂါယနာနှင့် သာသနာ ၂၅၀၀-ပြည့် အောင်ပွဲကြီး ပေါ်ပေါက်လာခြင်းမှာ "တောင်ထိပ် ကြာပေါက်၊ အနောက်နေထွက်၊ ပြိုအက်မြင်းမိုရ်" ဆိုတဲ့စကားအတိုင်း အလွန် ခြောက်သွေ့တဲ့ တောင်ထိပ်ပေါ်မှာ အပွင့်အဖူး နှင့် ပြည့်စုံတဲ့ ကြာရုံကြီး ပေါ်ပေါက်လာသကဲ့သို့ရင်း၊ အနောက်တောင်စွယ်က နေဝန်းထွက်ပေါ်လာ သကဲ့သို့ရင်း၊ မြင်းမိုရ်တောင်ကြီး ကွဲပြိုသွားသကဲ့သို့ရင်း၊ မဖြစ်ဘူးမြဲ ဖြစ်ပေါ် လာတဲ့အတွက် အံ့ဘွယ်သရဲ ဖြစ်ပါတယ်။

အလွန်အံ့ဘွယ်သရဲဖြစ်တဲ့ ဆဋ္ဌသံဂါယနာတင်နိုင်ခြင်းနှင့် သာသနာ ၂၅၀၀- ပြည့် အောင်ပွဲကြီးကို ကျင်းပနိုင်ခြင်း၊ ဆဋ္ဌသံဂါယနာ တင်တဲ့အတိုင်း, အောင်ပွဲ ကျင်းပတဲ့အတိုင်း အောင်မြင်စွာ ပြီးမြောက်သွားခြင်းမှာလဲ—

www.dhammaransi.com



(၁) ပိဋကတ်တော်ကို ကျွမ်းကျင်လိမ္မာ၍ ပရိယတ္တိဝိသာရဒဖြစ်ကြတဲ့ ဆရာတော် သံဃာတော်ပညာရှိများနှင့် လူပညာရှိ ပုဂ္ဂိုလ်များကို ရရှိခြင်း။

(၂) လဇ္ဇီ ပေသလ သိက္ခာကာမ သီလဝန္တ ဖြစ်ကြတဲ့ ဆရာတော် သံဃာတော်များကို ရရှိခြင်း။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးကို ရရှိထားခြင်း။

(၄) "ဓမ္မေန သမေန ရဇ္ဇံ ကာရေသိ"ဟု မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း တရားဥပဒေနှင့်အညီ အုပ်ချုပ်တဲ့ အစိုးရ၊ ဘုရား, တရား, သံဃာ, ရတနာသုံးပါး၌ အစလသဒ္ဓါဖြင့် သက်ဝင်ယုံကြည်တဲ့ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိအစိုးရကို ရရှိခြင်း။

(၅) မြဟ္မာမင်း, သိကြားမင်း, သာသနာတော်စောင့် နတ်မင်းများနှင့်, သမ္မာဒေဝနတ်များ၏ အကူအညီကို ရရှိခြင်း။

(၆) ကျွမ်းကျင်လိမ္မာသည့် ဗိသုကာဆရာကြီးများကို ရရှိခြင်း။

(၇) သံဂါယနာနှင့်ဆိုင်ရာ ပစ္စည်းဥစ္စာများကို မဟာမိတ်ဖြစ်တဲ့ နိုင်ငံများမှ လိုသလောက်ရရှိခြင်း။

(၈) တိုင်းပြည်လူထုထံမှ ငွေအင်အား, ပစ္စည်းအင်အား, လူအင်အားကို လိုသလောက်ရရှိခြင်း။

(၉) သံဂါယနာတင်ရန် အကြံပေးနိုင်တဲ့ ပညာရှိကြီးများနှင့် အုပ်ချုပ်စီမံနိုင်တဲ့ ပညာရှိကြီးများကိုရရှိခြင်း—

တို့ကြောင့်ဖြစ်ပါတယ်၊ အထက်ပါ အကြောင်းအရာ ကိုးမျိုးကို မရရှိပါက မည်သည့်နည်းနှင့်မျှ ဆဋ္ဌသံဂါယနာ မတင်နိုင်ပါ၊ အောင်ပွဲလည်း မကျင်းပ

www.dhammaransi.com



နိုင်ပါ၊ ဆဋ္ဌသံဂါယနာတင်ပါသော်လည်း, အောင်ပွဲကျင်းပပါသော်လည်း ချောချောမောမော အောင်မြင်ပြီးမြောက်သွားမည်မဟုတ်ပါ။

## ဆဋ္ဌသံဂါယနာ ထူးခြားပုံ

ပြီးမြောက်အောင်မြင်သွားတဲ့ ဆဋ္ဌသံဂါယနာကြီးမှာ အလွန်ထူးခြားတဲ့ သံဂါယနာကြီး ဖြစ်ပါတယ်၊ ထူးခြားပုံမှာ—

(၁) သံဂါယနာတင်ရာဝယ် နှစ်နှစ်ပတ်လုံး ကြာမြင့်သဖြင့် စိရကာလ ဖြစ်ခြင်း။

(၂) ထေရဝါဒ ငါးနိုင်ငံပါဝင်သဖြင့် နာနာရဋ္ဌသမောဓာန ဖြစ်ခြင်း။

(၃) တဦးနှင့်တဦး အကွဲအပြားမရှိ ညီညွတ်သဖြင့် သမဂ္ဂသန္နိပါတ ဖြစ်ခြင်း။

(၄) တိုင်းပြည်လူထု ပါဝင်ချီးမြှောက်ခွင့်ရသဖြင့် မဟာဇနာနုဂ္ဂဟိတ ဖြစ်ခြင်း။

(၅) သံဃာတော် ၂၅၀၀-ပြည့်သဖြင့် အဓုတေယျသာဟဿိက-ဘိက္ခုသံဃ ဖြစ်ခြင်း။

(၆) အလွန်ကြိုကြိုက်ခဲသည့် သာသနာ ၂၅၀၀-ပြည့်နှင့် ကြုံကြိုက်သဖြင့် သာသနဝဿဓုပူရဏ ဖြစ်ခြင်း။

(၇) စတင်ဆောင်ရွက်သည့် နေ့မှစ၍ အောင်ပွဲ ပြီးမြောက်သည့် နေ့တိုင်အောင် ဘေးဥပဒ်အန္တရာယ် အနှောင့်အရှက် မရှိသဖြင့် အနန္တရာယိက အနာယာသ ဖြစ်ခြင်း—

တို့ ဖြစ်ပါတယ်၊ ထို ထူးခြားချက် ခုနစ်မျိုးတွင် နံပါတ် (၄) မဟာဇနာနုဂ္ဂဟိတ အကြောင်းကို အနည်းငယ်ရှင်းပြလိုပါတယ်၊ ဤဆဋ္ဌသံဂါယနာမှာ လွန်ခဲ့သော

www.dhammaransi.com



သံဂါယနာငါးတန်နှင့် မတူပါ၊ တိုင်းပြည်လူထု တရပ်လုံး ပါဝင်ချီးမြှောက်နိုင်ပါတယ်၊ ချီးမြှောက်နိုင်တဲ့အတွက် အစိုးရရဲ့ သံဂါယနာ မဟုတ်ပါ၊ တသင်းတဖွဲ့ရဲ့ သံဂါယနာလဲမဟုတ်ပါ၊ အမှန်မှာ တိုင်းပြည်လူထု တရပ်လုံးရဲ့ သံဂါယနာ **"လူထုသံဂါယနာ"**သာ ဖြစ်ပါတယ်၊ အစိုးရနှင့် ဗုဒ္ဓသာသနာ့အဖွဲ့က ဆောင်ရွက်ရသော်လဲ လူထုဆန္ဒအရ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်၊ လူထုရဲ့ ကိုယ်စားလှယ်သာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ သံဂါယနာငါးတန်မှာ ပိဋကတ်တော်, ရာဇဝင်, သာသနာဝင်မှတ်တမ်းများအရ ပြောရလျှင်——သက်ဦးဆံပိုင် အုပ်စိုးတဲ့ အာဏာရှင်မင်းများလက်ထက် ဖြစ်ပါတယ်၊ အာဏာရှင်မင်းများလက်ထက် ဖြစ်တော့ အာဏာရှိတဲ့ မင်းများသာ ဒါယကာခံပြီး တင်ကြပါတယ်၊ ပြည်သူလူထုမှာ သံဂါယနာတင်ရာဝယ် ရှေ့တန်းမှနေ၍ ဆောင်ရွက်ခွင့် မရခဲ့ကြပါ၊ သို့အတွက် ဆဋ္ဌသံဂါယနာမတိုင်မီ သာသနာတော် နှစ်ပေါင်း ၂၅၀၀-အတွင်းဖြစ်ကြတဲ့ ဗုဒ္ဓဘာသာတွေမှာ သံဂါယနာငါးကြိမ်နှင့် ကြုံကြိုက်သော်လဲ သံဂါယနာကုသိုလ်ထူးကို မရနိုင်ကြတဲ့အတွက် သံဂါယနာဒါယကာ သာသနဒါယကာ မခံနိုင်ကြပါ၊ ယခု ဆဋ္ဌသံဂါယနာ တင်သည့်အခါမှာမူကား ပြည်သူလူထုကြီး တရပ်လုံးမှာ သံဂါယနာဒါယကာ သာသနဒါယကာအဖြစ်ကို ခံယူနိုင်ခဲ့ကြပါတယ်။

## ဆဋ္ဌသံဂါယနာကုသိုလ်

အောင်မြင် ပြီးမြောက်ခဲ့တဲ့ ဆဋ္ဌသံဂါယနာ ဒါနကုသိုလ်ကြီးမှာ——သာသနာ ၂၅၀၀-အတွင်း ခြောက်ကြိမ်သာ ကြုံကြိုက်သဖြင့် အလွန်ရခဲတဲ့ **ဒုလ္လဘဒါန** ကုသိုလ်ကြီး ဖြစ်ပါတယ်၊ ထိုဒါနကုသိုလ်ကြီးမှာလဲ——

ယုတ်နိမ့်တဲ့ ဟီနဒါန, အလယ်အလတ်ဖြစ်တဲ့ မဇ္ဈိမဒါန, မွန်မြတ်တဲ့ ပဏီတဒါနသုံးမျိုးတွင် မွန်မြတ်တဲ့ **ပဏီတဒါန** ဖြစ်ပါတယ်။

www.dhammaransi.com



ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ပစ္စည်းပရိက္ခရာ အသုံးအဆောင်ဖြစ်တဲ့ အာမိသဒါန,ပိဋကတ်သုံးပုံကို သံဂါယနာတင်တဲ့ ဓမ္မဒါန နှစ်မျိုးတွင် **ဓမ္မဒါန** ဖြစ်ပါတယ်၊ အာမိသပူဇာ, ဓမ္မပူဇာနှစ်မျိုးတွင် **ဓမ္မပူဇာ** ဖြစ်ပါတယ်၊ အာမိသာ-နုဂ္ဂဟ, ဓမ္မာနုဂ္ဂဟနှစ်မျိုးတွင် **ဓမ္မာနုဂ္ဂဟ** ဖြစ်ပါတယ်။

သံသရာဝဋ်ဆင်းရဲအတွင်းသာ အကျိုးပေးတဲ့ ဝဋ္ဋနိဿိတဒါန, သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်၍ မဂ်ဖိုလ်နိဗ္ဗာန် ရောက်အောင် အကျိုးပေးတဲ့ ဝိဝဋ္ဋနိဿိတဒါနနှစ်မျိုးတွင် **ဝိဝဋ္ဋနိဿိတဒါန** ဖြစ်ပါတယ်။

လမ်းလွဲ လမ်းမှားအကျင့်ဖြစ်တဲ့ မိစ္ဆာပဋိပဒါ, လမ်းမှန် လမ်းဖြောင့် အကျင့်ဖြစ်တဲ့ သမ္မာပဋိပဒါနှစ်မျိုးတွင် **သမ္မာပဋိပဒါ** ဖြစ်ပါတယ်။

အမြဲတန်းဖြစ်တဲ့ ထာဝရဒါန, မမြဲတဲ့ အထာဝရဒါန နှစ်မျိုးတွင် သာသနာနှစ် ငါးထောင်တည်ရှိမည့် **ထာဝရဒါန** ဖြစ်ပါတယ်။

ဤသို့လျှင် ယခုလက်ကိုင်ရရှိထားတဲ့ ဆဋ္ဌသံဂါယနာဒါနကြီးမှာ— သာမညဒါနမဟုတ်ပါ၊ ဒုလ္လဘဒါန, ပဏီတဒါန, ဓမ္မဒါန, ဓမ္မပူဇာ, ဓမ္မာနုဂ္ဂဟ, ဝိဝဋ္ဋနိဿိတဒါန, သမ္မာပဋိပဒါ, ထာဝရဒါနဖြစ်တဲ့အတွက် အလွန်မွန်မြတ်တဲ့ ကုသိုလ်ကြီး ဖြစ်ပါတယ်။

ထို ဆဋ္ဌသံဂါယနာ ကုသိုလ်ကြီးမှာ—ဓမ္မဒါန, ဓမ္မပူဇာ, ဓမ္မာနုဂ္ဂဟ ကုသိုလ်ဖြစ်တဲ့အတွက် မြတ်စွာဘုရားက **ဓမ္မပဒ**ပါဠိတော်မှာ—

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ—

ဟု ဟောတော်မူတဲ့အတိုင်း ဒါနအပေါင်းကို အောင်မြင်တဲ့ဒါန, ဒါန တကာတို့ထက် မွန်မြတ်တဲ့ဒါန ဖြစ်ပါတယ်၊ **ဒုကင်္ဂုတ္တရ**ပါဠိတော်၌လည်း—

ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ ဒါနာနံ ယဒိဒံ ဓမ္မဒါနံ။

ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ အနုဂ္ဂဟာနံ ယဒိဒံ ဓမ္မာနုဂ္ဂဟော—

www.dhammaransi.com



ဟု ဟောတော်မူတဲ့အတိုင်း အမွန်မြတ်ဆုံးဖြစ်၍ တေဒဂ်ရ ဓမ္မဒါန, အမွန်မြတ်ဆုံးဖြစ်၍ တေဒဂ်ရ ဓမ္မာနုဂ္ဂဟာဖြစ်ပါတယ်၊ ထို့ပြင်လဲ—

ယေသံ နိဗဒ္ဓပုညာနိ၊ တေသံ ဂတိ သောတာပန္နသဒိသာယေဝ—

ဟု **အဋ္ဌကထာ**များ၌ ပြဆိုတော်မူတဲ့အတိုင်း ဆဋ္ဌသံဂါယနာကုသိုလ်ကြီးမှာ ထာဝရနိဗဒ္ဓကုသိုလ်ကြီး ဖြစ်တဲ့အတွက် ထိုကုသိုလ်ကြီးကို ပြုလုပ်အားထုတ်တဲ့ သာသနဒါယကာတွေမှာလဲ သောတာပန် ပုဂ္ဂိုလ်နှင့် လားရာဂတိ တူနေ၍ အပါယ်မလား အပါယ်တံခါး ပိတ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

ဤမျှလောက် ကြီးကျယ်မွန်မြတ်တဲ့ သံဂါယနာကုသိုလ်ကြီးကို ဆောင်ရွက်ရာဝယ် တိုင်းပြည်လူထုရဲ့ အကူအညီ ရလို့သာ အောင်မြင်ပြီးမြောက်ခြင်း ဖြစ်ပါတယ်၊ အကယ်၍ တိုင်းပြည်လူထုရဲ့ အကူအညီ မရပါလျှင် မည်သည့်နည်းနှင့်မျှ ပြီးမြောက်အောင်မြင်မည် မဟုတ်ပါ၊ ထိုသို့ကူညီတဲ့ပုဂ္ဂိုလ်များမှာ....

ယော စ ပုဗ္ဗကာရီ၊ ယော စ ကတညူ ကတဝေဒီ၊ ဣမေ ခေါ ဘိက္ခဝေ
ဒွေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ—

ဟု **ဒုကင်္ဂုတ္တရ**ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အတိုင်း—

(၁) ပုဗ္ဗကာရီ—ရှေးဦးစွာ ကျေးဇူးပြုတဲ့ပုဂ္ဂိုလ်၊

(၂) ကတညူ ကတဝေဒီ—သူပြုဘူးတဲ့ ကျေးဇူးကို သိတဲ့ ပုဂ္ဂိုလ် ထင်ရှားအောင်ပြုတဲ့ပုဂ္ဂိုလ်၊

ဟူ၍ လောကမှာ ပုဂ္ဂိုလ်နှစ်မျိုးရှိပါတယ်၊ ထိုပုဂ္ဂိုလ်နှစ်မျိုးအနက် ဆဋ္ဌသံဂါယနာကုသိုလ်ကြီး ပြီးမြောက်အောင် သာသနာ ၂၅၀၀-ပြည့်အောင်ပွဲကြီး ပြီးမြောက်အောင် ကူညီတဲ့ပုဂ္ဂိုလ်များမှာ **ပုဗ္ဗကာရီပုဂ္ဂိုလ်များ** ဖြစ်ပါတယ်၊

www.dhammaransi.com



တဘန် ထိုပုဂ္ဂိုလ်များပြုဘူးတဲ့ ကျေးဇူးကို သိတဲ့ပုဂ္ဂိုလ်၊ ထင်ရှားအောင် ပြုတဲ့ပုဂ္ဂိုလ်များမှာ....**ကတညူ ကတဝေဒီပုဂ္ဂိုလ်များ** ဖြစ်ပါတယ်။

ယခုအခါ ကူညီတဲ့ပုဂ္ဂိုလ်များရဲ့ ရှေးဦးစွာ ကျေးဇူးပြုတဲ့ ပုဗ္ဗကာရီ လုပ်ငန်းကြီး ပြီးစီးသွားပါပြီ၊ကျန်သေးတာက ပြုဘူးတဲ့ကျေးဇူးကို သိခြင်း, ထင်ရှားအောင်ပြုခြင်းဆိုတဲ့ ကတညုတ ကတဝေဒီလုပ်ငန်းကြီးဖြစ်ပါတယ်၊အဲဒီလုပ်ငန်းကြီးမပြီးလျှင် သံသရာကွေ့ ကြွေလိမ့်မယ်မဟုတ်ဟု ကျွန်တော်ယူဆပါတယ်။

သို့အတွက် သံသရာကြွေးကြွေလေအောင် ဆဋ္ဌသံဂါယနာနှင့် သာသနာ ၂၅၀၀-ပြည့်အောင်ပွဲ ကုသိုလ်ကြီးပြီးမြောက်အောင်မြင်ရန် ဆရာတော် သံဃာတော်များဘက်က သီလအား,သမာဓိအား,ပညာအားဖြင့် အစွမ်းကုန် ဆောင်ရွက်တော်မူကြတဲ့ လဇ္ဇီ ပေသလ သိက္ခာကာမ သီလဝန္တ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော ဆရာတော်သံဃာတော်များအားငင်း၊လူဒါယကာများဘက်က လည်း ငွေအား,ပစ္စည်းအား,လူအားဖြင့် အစွမ်းကုန် ကူညီကြတဲ့ အသင်း အဖွဲ့ အသီးအသီးနှင့် ပုဂ္ဂိုလ်အသီးအသီးတို့အားငင်း၊ ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာအပေါင်း သူတော်ကောင်းတို့ ကျင့်ဟောင်းလမ်းစဉ်အရ ကတညုတ ကတဝေဒီ မင်္ဂလာဖြစ်အောင် ကျေးဇူးတင်စကား အတိအလင်းပြောကြားကာ **မော်ကွန်း** ထိုးလိုပါတယ်။

ကျေးဇူးတင်စကားပြောကြားရာ၌ သတိလစ်ဟင်း မေ့လျော့ခြင်းကြောင့် ကြွင်းကျန်နေတဲ့ ဆရာတော် သံဃာတော်များ, အသင်းအဖွဲ့များနှင့် ပုဂ္ဂိုလ်များရှိပါက သည်းခံကြပါရန် တောင်းပန်ပါတယ်။

**ဆရာတော်သံဃာတော်များ**

(၁) ကျွန်တော်ယံတင်သွင်းထားသည့် စီမံကိန်း ၃-မျိုးကို အခြေခံထားလျက် ဆဋ္ဌသံဂါယနာတင်ရန် ရှေးဦးစွာ ဆွေးနွေး တိုင်ပင်တော် မူကြသည့်

www.dhammaransi.com



ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီးဆရာတော်,ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ကျောင်းတော်ရာရွှေကျင်တိုက် မန်းဦးဆရာတော်တို့ ကြီးမှူးသည့် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ဝင် ဆရာတော်တို့အား များစွာကျေးဇူးတင်ကြောင်း **မော်ကွန်း** ထိုးလိုပါတယ်။

(၂) အစိုးရ နှင့် ဗုဒ္ဓသာသနာအဖွဲ့ဝင် ဒါယကာများ လျှောက်ထား တောင်းပန်ချက်အရ ဆဋ္ဌသံဂါယနာတင်ရန် အဆုံးအဖြတ် ပေးတော်မူ၍ ဆဋ္ဌသံဂါယနာကြီး အောင်မြင်ပြီးဆုံးသည့်တိုင်အောင် အဆုံးအမ ဩဝါဒ ပေးတော်မူကြသည့် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်,အဘိဓဇ မဟာရဋ္ဌဂုရု စံကင်း ဆရာတော်, အဘိဓဇမဟာရဋ္ဌဂုရု ဟင်္သာတဘုရားကြီး ဆရာတော်,အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူ မဟာဝိဇယာရာမတိုက်ဆရာတော်, အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်တို့ ကြီးမှူးတော်မူတဲ့ သံဃနာယက ဩဝါဒါစရိယ အဖွဲ့ဝင်ဆရာတော်တို့အား၎င်း။

(၃) သံဃနာယကဩဝါဒါစရိယအဖွဲ့ကြီး၏ တာဝန် လွှဲအပ်ချက် အရ ဆဋ္ဌသံဂါယနာတင်ရန် အသေးစိပ် စီမံဆောင်ရွက်တော်မူကြသည့် အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်,အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီးဆရာတော်,အဂ္ဂမဟာပဏ္ဍိတ ဗားကရာဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရဆရာတော်တို့ကြီးမှူးသည့် ဘာရနိတ္ထာရကသံဃ- သဘာ သံဃဝန်ဆောင်အဖွဲ့ဝင် ဆရာတော်တို့အား၎င်း။

(၄) သံဃဝန်ဆောင် အဖွဲ့ခွဲဖြစ်သည့် သံဂါယနာစီစဉ်ရေး သင်္ဂီတိဝိစာ ယက အဖွဲ့, စောင့်ရှောက်ရေး အာရက္ခအဖွဲ့, သာသနာရေးရာ ဖြေရှင်းရေး ကထာဝိသဇ္ဇကအဖွဲ့နှင့် သံဃအမှုဆောင်ကိစ္စကို ဆောင်ရွက်ပြုစုရေး ဝေယျာ- ဝစ္စကရအဖွဲ့ဝင် ဆရာတော်တို့အား၎င်း။

www.dhammaransi.com



(၅) ဆဋ္ဌသံဂါယနာတင်ရာဝယ် သံဃာတော်များ၏ ပူဇော်ရာ မဟာ-နာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူကြ၍ **ရဋ္ဌဥူမဟဋ္ဌ** ဖြစ်တော် မူကြသည့် မဟာနာယကဆရာတော်ဘုရားကြီးတို့အားရင်း။

(၆) ဆဋ္ဌသံဂါယနာ **ပဌမသန္နိပါတ**နှင့် **ဒုတိယသန္နိပါတ** တွင် သံဃ-နာယကအဖြစ် ဆောင်ရွက်တော်မူသည့် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊ **တတိယသန္နိပါတ,စတုတ္ထသန္နိပါတ** နှင့် **ပဉ္စမသန္နိပါတ** များတွင် သံဃ-နာယကအဖြစ် အလှည့်ကျ ဆောင်ရွက်တော်မူကြသည့် အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်, အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူ မဟာဝိဇယာရာမတိုက်ဆရာတော်,အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ယသဇေယျုံ ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ဒေဝသာဂရ သိမ်ကုန်း ဆရာတော်, အဂ္ဂမဟာ-ပဏ္ဍိတ ပတ္တမြား ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ဆင်တဲ ဆရာတော်, အဂ္ဂမဟာ ပဏ္ဍိတ ရွှေစေတီဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူ မဟာဝိသုတာရာမတိုက် ဆရာတော်တို့အားရင်း။

၇။ **ကမ္ဗောဇလဝ တတိယသန္နိပါတ** ရှေ့ပိုင်းတွင် သံဃနာယက အဖြစ် ဆောင်ရွက်တော်မူသော အဘိဓဇ မဟာရဋ္ဌဂုရု ကမ္ဗောဒီးယား သာသနာပိုင် ဆရာတော်နှင့် နောက်ပိုင်းတွင် သံဃနာယကအဖြစ် ဆောင်ရွက်တော်မူသော အဘိဓဇ မဟာရဋ္ဌဂုရု လောသာသနာပိုင် ဆရာတော်တို့အားရင်း၊ ဆဋ္ဌသံဂါ ယနာတင်ရာဝယ် ပါဝင်ဆောင်ရွက်တော်မူကြသော ကမ္ဗောဒီးယား ရဟန်းတော် များနှင့် လောရဟန်းတော်များအားရင်း။

၈။ **သျာမ စတုတ္ထသန္နိပါတ** တွင် အဘိဓဇ မဟာရဋ္ဌဂုရု ယိုးဒယား သာသနာပိုင် ဆရာတော်ဘုရားကြီး၏ တာဝန်လွှဲအပ်ချက်အရ သံဃနာယက အဖြစ် ဆောင်ရွက်တော်မူသည့် အဂ္ဂမဟာပဏ္ဍိတ သံဃနာယကဆရာတော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဝပ်မဟာဓာတုကျောင်း ဆရာတော်တို့အားရင်း၊ ဆဋ္ဌသံဂါ

www.dhammaransi.com



ယနာတင်ရာဝယ် ပါဝင် ဆောင်ရွက်တော်မူကြသော ယိုးဒယား ရဟန်းတော်တို့
အား၎င်း။

(၉) **သီရိလင်္ကာ ပဉ္စမသန္နိပါတ** တွင် သံဃနာယကအဖြစ် ဆောင်ရွက်
တော်မူသည့်၊ အဘိဓဇမဟာရဋ္ဌဂုရု- သိယာမမဟာနိကာယ ဂိုဏ်းချုပ် ဆရာ
တော် အဂ္ဂမဟာပဏ္ဍိတ သီရိဓမ္မရတနဆရာတော်တို့အား၎င်း၊ အမရပုရဂိုဏ်း
အဂ္ဂမဟာပဏ္ဍိတ မဟာနာယက ဆရာတော်နှင့် အဂ္ဂမဟာပဏ္ဍိတ အာနန္ဒ
မေတ္တေယျ ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ဗုဒ္ဓဒတ္တ ဆရာတော်တို့အား၎င်း၊
ရာမညဂိုဏ်း မဟာနာယကဆရာတော်အား၎င်း၊ ဆဋ္ဌသံဂါယနာတွင် ပါဝင်
ဆောင်ရွက်တော်မူကြသည့် သီဟိုဠ်ရဟန်းတော်တို့အား၎င်း။

(၁၀) ဆဋ္ဌသံဂါယနာတင်ရာဝယ် သံဃနာယက ဆရာတော်ဘုရားကြီး၏
လွှဲအပ်ချက်အရ၊ ပဉ္စမသံဂါယနာတင် ရှင်မဟာကဿပ နေရာတွင်နေ၍၊ **အမေး
ပုစ္ဆက** ပြုတော်မူသည့် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်အား၎င်း၊ ပဉ္စမ
သံဂါယနာတင် အရှင်ဥပါလိနှင့် ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာတို့ နေရာတွင်
နေ၍၊ **အဖြေဝိသဇ္ဇက** ပြုတော်မူသည့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တ
သာရာဘိဝံသ ဆရာတော်အား၎င်း။

(၁၁) ဆဋ္ဌသံဂါယနာတင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံတို့ကို သုတ်သင်
ပြင်ဆင်တော်မူကြသည့် **ဝိသောဓက** အဖွဲ့ဝင် ဆရာတော်တို့အား၎င်း၊ နောက်
ထပ်တဖန် သုတ်သင်ပြင်ဆင်တော်မူသည့် **ပဋိဝိသောဓက** အဖွဲ့ဝင် ဆရာတော်
တို့အား၎င်း၊ ပုံနှိပ်ရန် နောက်ဆုံးစာမူကြမ်းကို အပြီးသတ် ပြင်ဆင်တော်မူသည့်
**ဩသာနသောဓနေယျပတ္တပါဠက** အဖွဲ့ဝင် ဆရာတော်တို့အား၎င်း၊ ဆဋ္ဌသံဂါ
ယနာတင် ပိဋကတ်တော်တို့ကို သုတ်သင်ပြင်ဆင်ရာဝယ် ကျေးဇူးများရန်အလို့ငှါ
နိကာယ်ငါးရပ် ပိဋကတ်သုံးပုံတို့ကို သုတ်သင်ပြင်ဆင်၍ ပေးအပ်တော်မူကြသည့်
သီဟိုဠ်ကျွန်း ဥတ္တရိတရ သံဃသဘာအဖွဲ့ဝင် ဆရာတော်တို့အား၎င်း။

www.dhammaransi.com



(၁၂) ဆဋ္ဌသံဂါယနာတင်ရာဝယ် နှုတ်တက် အာဂုံ ရွတ်ဆိုကာ သံဂါယနာတင်တော်မူကြသည့် **ဘာဏက** အဖွဲ့ဝင် ဆရာတော်တို့အားရင်း။

(၁၃) ဆဋ္ဌသံဂါယနာတင်ရာဝယ် သံဃီတိကာရကအဖြစ်ဖြင့် ပါဝင် ဆောင်ရွက်တော်မူကြသည့် (၂၅၀၀) ဆရာတော် သံဃာတော်တို့အားရင်း များစွာ ကျေးဇူးတင်ကြောင်း **မေ့ာ်ကွန်း** ထိုးလိုပါတယ်။

## လူဒါယကာများ

(၁၄) ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီကပင် (၁) ဆဋ္ဌသံဂါယနာ စီမံကိန်း၊ (၂) ပိဋကတ်တော် မြန်မာပြန် စီမံကိန်း၊ (၃) ပါဠိမြန်မာ အဘိဓာန် စီမံကိန်းတို့ကို အကြမ်းဖျင်း ရေးသားခဲ့၍ ၁၃၁၁-ခု ဝါဆိုလတွင် ကျွန်တော်ထံ တင်သွင်းကာ ဆဋ္ဌသံဂါယနာကြီး ဖြစ်ပေါ်လာအောင် ရှေးဦးစွာ အကြံပေး လှုံ့ဆော်သည့် ပဋ္ဌမကျော် ဦးကြီးဖေအား များစွာကျေးဇူးတင်ကြောင်း **မေ့ာ်ကွန်း** ထိုးလိုပါတယ်။

(၁၅) ကမ္ဘာအေးစေတီ၌ရင်း, လိုဏ်ဂူတော်ကြီး၌ရင်း, နိုင်ငံတော် နေရာအနှံ့အပြား၌ရင်း ပရိတ်တော်ရွတ်ဘတ်ပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဘတ်ပူဇော်ခြင်း၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို ရွတ်ဘတ်ပူဇော်ခြင်းဖြင့် ဆဋ္ဌသံဂါယနာပွဲကြီးသည် အစမှ အဆုံးအထိ ဘေးရန်အန္တရာယ်ဟူသမျှတို့မှ ကင်းလွတ်စွာ အောင်မြင်စေရန် အကြိမ်ကြိမ်ရွတ်ဘတ် သရဇ္ဈာယ်ခဲ့သည့် မဟာသီရိသုဓမ္မ ဟင်္သာတ ဦးမြ, ယခင် သာသနာရေးဝန်ကြီး ဦးဝင်းတို့ ကြီးမှူးတဲ့ **သီရိမင်္ဂလာပရိတ်တော်အဖွဲ့**ဝင်တို့အားရင်း။

(၁၆) ဆဋ္ဌသံဂါယနာကိုမျှော်မှန်းပြီး ပုဂ္ဂကပုဂ္ဂိုလ်နှင့်ပိဋကတ်သုံးပုံဆောင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဝိသဇ္ဇကာ ပုဂ္ဂိုလ်နှစ်ပါး ပေါ်ထွက်လာ

www.dhammaransi.com



အောင် ဆောင်ရွက်သည့် သတိုးသီရိသုဓမ္မ ဆာဦးသွင် ကြီးမှူးတဲ့ **ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့**ဝင်တို့အားရင်း။

(၁၇) ဆဋ္ဌသံဂါယနာကြီးကို ပြီးမြောက်အောင် ရွှေဆောင်လျက် စီမံ အုပ်ချုပ်ကာ အာဏာစက်ဖြင့် စောင့်ရှောက်သည့် အဂ္ဂမဟာသီရိသုဓမ္မ နိုင်ငံတော်သမတကြီး ဒေါက်တာဘဦး အမှူးရှိသည့် **ပြည်ထောင်စု အစိုးရအဖွဲ့** နှင့် **ပြည်နယ်အစိုးရအဖွဲ့**ဝင်တို့အားရင်း။

(၁၈) ဆဋ္ဌသံဂါယနာကြီး ပြီးမြောက်အောင် ဆောင်ရွက်ရန် နိုင်ငံတော် အစိုးရ အပ်နှင်းခြင်းခံရသဖြင့် အစအဆုံး စီမံဆောင်ရွက်သွားတဲ့ သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ အဂ္ဂမဟာသရေစည်သူ နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၊ သတိုးမဟာသရေစည်သူ တရားဝန်ကြီး ဦးချန်ထွန်း၊ သာသနာရေး အထူးအရာရှိ ဝဏ္ဏကျော်ထင် ဦးဘဆွေတို့ ကြီးမှူးသည့် **နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့**ဝင်တို့ အားရင်း။

(၁၉) ဆဋ္ဌသံဂါယနာ တင်နိုင်ရန် ဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာ ကျောက်လိုဏ်ဂူတော်ကြီးနှင့် အဆောက်အဦးတို့ကို စီမံဆောင်ရွက် သည့် သရေစည်သူ ဦးလှကျော်,ဦးဟန်ထော်တို့ ကြီးမှူးသည့် **ဗိသုကာ အဖွဲ့** နှင့် **အလုပ်သမားအဖွဲ့**ဝင်တို့အားရင်း။

(၂၀) လိုဏ်ဂူတော်ကြီး ဆောက်လုပ်ရာ၌ လုပ်အားကူညီကြသော အသင်း အဖွဲ့ဝင်တို့အားရင်း၊ တသီးပုဂ္ဂလ အနေဖြင့် ကူညီကြသောပုဂ္ဂိုလ်တို့ အားရင်း။

(၂၁) ဆဋ္ဌသံဂါယနာတင်ရာဝယ် ဆရာတော် သံဃာတော်တို့ အတွက် ဆွမ်းစားကျောင်းနှင့် မဟာသိမ်တော်ကြီးကို ကိုယ်တိုင် ကြီးကြပ်

www.dhammaransi.com



ဆောက်လုပ်သည့် မဟာသီရိသုဓမ္မ ဟသ်ာတဦးမြနှင့် အလုပ်သမား တို့အားငှ်း။

(၂၂) ဆဋ္ဌသံဂါယနာကြီး ပြီးမြောက်သည့်တိုင်အောင် သံဂါယနာတင် ဆရာတော် သံဃာတော်တို့အား နှစ်နှစ်ပတ်လုံး ဆွမ်းကွမ်းဆိုင်ရာ ဝေယျာဝစ္စတို့ကို နေ့စဉ် မနေမနား ဆောင်ရွက်သည့်ပြင် သန္နိပါတ ငါးကြိမ် ပြီးဆုံးတိုင်း သင်္ဂီတိကာရက ဆရာတော်တို့အား လှူဒါန်း ပူဇော်ပွဲပြုလုပ်သည့် စက်မှုလက်မှုဌာန ဝန်ကြီးကတော် ဒေါ်နွဲ့နွဲ့ရီ ကြီးမှူးသည့် **ဆဋ္ဌသံဂါယနာ ဆွမ်းကွမ်းဆိုင်ရာ အမျိုးသမီးအဖွဲ့ဝင်**တို့ အားငှ်း၊ လက်အောက်အဖွဲ့ငယ်ဝင်တို့အားငှ်း။

(၂၃) နှစ်နှစ်ပတ်လုံး သံဂါယနာတင် ဆရာတော် သံဃာတော် တို့အား ဆွမ်းကွမ်းစသော ဝေယျာဝစ္စတို့ကိုဆောင်ရွက်ရာဝယ် ပြည်ထောင်စု တဝှမ်းလုံးက လာရောက်၍ နေ့စဉ် လုပ်အားကူညီကြသည့် အသင်း အဖွဲ့ဝင်တို့အားငှ်း၊ တသီးပုဂ္ဂလအနေဖြင့် ကူညီကြသည့် ပုဂ္ဂိုလ် တို့အားငှ်း။

(၂၄) ဆဋ္ဌသံဂါယနာနှင့် သာသနာ ၂၅၀၀-ပြည့် အောင်ပွဲကြီး ပြီးမြောက် အောင် စီမံအုပ်ချုပ်သည့် အဂ္ဂမဟာသရေစည်သူ နိုင်ငံတော်တရား ဝန်ကြီးချုပ် ဦးသိမ်းမောင်၊ သတိုးမဟာသရေစည်သူ တရားဝန်ကြီး ဦးချန်ထွန်း၊ဝန်ကြီးချုပ်ကတော် ဒေါ်မြရီတို့ ကြီးမှူးတဲ့ ဆဋ္ဌသံဂါယနာ နှင့် သာသနာ ၂၅၀၀-ပြည့် အောင်ပွဲ အလုပ်အမှုဆောင် အဖွဲ့ဝင်တို့ အားငှ်း။

(၂၅) ထို့ပြင် သာသနာရေးဝန်ကြီး ဦးဘစော၊ အငြိမ်းစား တရားဝန်ကြီး ဦးအုန်းဖေတို့ ကြီးမှူးတဲ့ ဘဏ္ဍာရေး အဖွဲ့ဝင်တို့အားငှ်း။

www.dhammaransi.com



(၂၆) အောင်ပွဲကြီးဝယ် ရှင်သာမဏေ ၂၅၀၀-ကို ရှင်ပြုကာ သာသန အမွေကို ခံယူသော ဝန်ကြီးချုပ်ကတော် ဒေါ်မြရီ ကြီးမှူးတဲ့ ဝိသာခါ အမျိုးသမီးအဖွဲ့နှင့် ရှင်သာမဏေ ၂၅၀၀-ရှင်ပြုရေး အဖွဲ့ဝင်တို့အားဥင်း။

(၂၇) စက်မှုလက်မှုဝန်ကြီးကတော် ဒေါ်နွဲ့နွဲ့ရီ ကြီးမှူးသည့် လှူဒါန်းရေး အဖွဲ့ဝင်တို့အားဥင်း။

(၂၈) အတွင်းဝန်ချုပ် မဟာသရေစည်သူ ဦးခင်မောင်ဖြူ ကြီး မှူး တဲ့ စတုဒိသာ ကျွေးမွေးရေး အဖွဲ့ဝင်တို့အားဥင်း။

(၂၉) ချုပ်သင်း ဦးဘတင်နှင့် ပါလီမန်အတွင်းဝန် သီရိပျံချီ ဦးသန်းစိန်တို့ ကြီးမှူးတဲ့ ပျော်ပွဲရွှင်ပွဲကျင်းပရေး အဖွဲ့ဝင်တို့အားဥင်း။

(၃၀) မြို့တော်ဝန် ဦးမောင်မောင် ကြီးမှူးတဲ့ ညှော်ခံရေးနှင့် စောင့်ရှောက် ရေး အဖွဲ့ဝင်တို့အားဥင်း။

(၃၁) နေပြည်တော် ရဲမင်းကြီး ဦးခင်မောင်မောင် ကြီးမှူးတဲ့ သယ်ယူ ပို့ဆောင်ရေး အဖွဲ့ဝင်တို့အားဥင်း။

(၃၂) ပြန်ကြားရေးဌာန အတွင်းဝန် ဦးအေးသန့် ကြီးမှူးတဲ့ လှုံ့ဆော်ရေး အဖွဲ့ဝင်တို့အားဥင်း။

(၃၃) ကာနယ် မောင်မောင်ကြီးနှင့် ဝဏ္ဏကျော်ထင် ဒေါက်တာ ရွှေသွင်တို့ ကြီးမှူးတဲ့ ကျန်းမာသန့်ရှင်းရေး အဖွဲ့ဝင်တို့အားဥင်း။

(၃၄) အောင်ပွဲကြီးတွင် လုံခြုံမှုအတွက် တာဝန်ယူ၍ ဆောင်ရွက်ကြသော ဗိုလ်မှူးကြီး အောင်ကြီး ကြီးမှူးသော လုံခြုံရေးဗမာ့တပ်မတော်

www.dhammaransi.com



အဖွဲ့ဝင်တို့အားရင်း၊ နှစ်နှစ်တိုင်တိုင် လုံခြုံမှုအတွက် စောင့်ရှောက်သော ဗိုလ်မှူးလှ ကြီးမှူးသည့် စစ်ရဲတပ်ရင်း ၁၇-အဖွဲ့ဝင်တို့အားရင်း။

(၃၅) ရဲချုပ် စည်သူ ဦးဘမောင် ကြီးမှူးသော စစ်ရဲနှင့် ဗမာပြည် ရဲအဖွဲ့ဝင်တို့အားရင်း။

(၃၆) ရဲမင်းကြီး ဦးခင်မောင်မောင် ကြီးမှူးသော ရန်ကုန်နေပြည်တော် ရဲအဖွဲ့ဝင်တို့အားရင်း။

(၃၇) ရန်ကုန်မြို့ရှိ မြန်မာကုန်သည်ကြီးများအသင်း၊ အိန္ဒိယနိုင်ငံသား ကုန်သည်ကြီးများအသင်းနှင့် တရုပ်ကုန်သည်ကြီးများ အသင်းဝင်တို့အားရင်း။

(၃၈) နိုင်ငံတော်အတွင်းဝယ် ခရိုင်မြို့နယ် အသီးသီးမှ အောင်ပွဲကြီးကို ထမြောက် အောင်မြင်စေရန် လူအား, ငွေအား, ပစ္စည်းအား, အကြံဉာဏ်အားဖြင့် ထောက်ပံ့ကူညီကြသော သာသနဒါယကာ ဆဋ္ဌသံဂါယနာ ဒါယကာအပေါင်းတို့အားရင်း။

(၃၉) ဆဋ္ဌသံဂါယနာနှင့် သာသနာ ၂၅၀၀-ပြည့် အောင်ပွဲကြီးတွင် ဘေးဥပဒ်အန္တရာယ် အနှောင့်အရှက် ကင်းစေရန် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို တန်ခူးလပြည့်ကျော် တရက် နံနက် ၄-နာရီမှ ကဆုန်လပြည့်ကျော် တရက် နံနက် ၈-နာရီအထိ ရက်ပေါင်း ၂၉-ရက် နာရီပေါင်း ၆၉၈-နာရီ အသံမစဲ ရွတ်ဘတ်သရဇ္ဈာယ်ကြသည့် သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ဝင်တို့အားရင်း။

(၄၀) ဆဋ္ဌသံဂါယနာ နှင့် သာသနာ ၂၅၀၀-ပြည့် အောင်ပွဲကြီး ၆-ရက်ကျင်းပရာ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း, လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း, နေအလွန်ပူပြင်းခြင်းစသော ဘေးဥပဒ်

www.dhammaransi.com



အန္တရာယ်အမျိုးမျိုး အနှောင့်အရှက် အမျိုးမျိုးမှ လွတ်ကင်း၍ ချောမ်းသာယာစွာ အောင်မြင်ပြီးမြောက်သွားအောင် ဆောင်ရွက်ကြတဲ့ ရှင်ဥပဂုတ် ပူဇော်ရေးအဖွဲ့ဝင်များအားရင်း၊ အာယုဗ္ဗေဒ ဆေးဆရာကြီး ဦးစံတင့်အားရင်း၊ ထိုအဖွဲ့တွင် ၆-ရက်ပတ်လုံး ဝတ်ဖြူစင်ကြယ်ဝတ်၍ ၉-ပါးသီလ ဆောက်တည်ပြီးလျှင် သက်သတ်လွတ်စားကာ တာဝန်ခံ ပူဇော်သော ဓမ္မာစရိယ ဦးခင်မောင်လင်း အားရင်း။

(၄၁) အစိုးရအနေဖြင့်ရင်း၊ အသင်းအဖွဲ့အနေဖြင့်ရင်း၊ ပုဂ္ဂိုလ်အနေဖြင့်ရင်း ကြွရောက်ကာ ကူညီ ဆောင်ရွက်ကြသော နိုင်ငံအသီးသီးတို့အားရင်း။

(၄၂) ဆဋ္ဌသံဂါယနာမှစ၍ အုပ်ချုပ်ရေး ကိစ္စအဝဝကို ဆောင်ရွက်သည့် အုပ်ချုပ်ရေးအရာရှိချုပ် သီရိပျံချီ ဦးစိမ်းမောင် ကြီးမှူးသည့် ဗုဒ္ဓသာသနာအဖွဲ့ အရာထမ်း အမှုထမ်းတို့အားရင်း။

(၄၃) ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်တို့ကို ပုံနှိပ်ရာဝယ် ပုဒ်,ပါဠိ, အက္ခရာ မှန်ကန်တိကျအောင် ပြင်ဆင်ကြသည့် ပါဠိပါမောက္ခ, မဟာပညာဗလ - ဆရာဉာဏ်၊ ဝဏ္ဏကျော်ထင် - ဦးဘသန်းတို့ကြီးမှူးသည့် စာပြင်အဖွဲ့ဝင် ဆရာတို့အားရင်း၊ ပုံနှိပ်တိုက်ဆိုင်ရာ အရာထမ်း အမှုထမ်းတို့အားရင်း။

(၄၄) ဆဋ္ဌသံဂါယနာ ပိဋကတ်တော်တို့ကို သုတ်သင် ပြင်ဆင်ရာဝယ် ဆရာတော် သံဃာတော် တို့အား ကူညီထောက်ပံ့သည့် ဝဏ္ဏကျော်ထင် ဦးမောင်ကလေး အမှူးရှိသည့် ဥပဋ္ဌာကအဖွဲ့ဝင်ဆရာတို့အားရင်း။

www.dhammaransi.com



(၄၅) ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့်အတူ ပူးပေါင်းကျင်းပကြသည့် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံကြီးများဖြစ်ကြသော ထိုင်းနိုင်ငံတော်, သီဟိုဠ်နိုင်ငံတော်, ကမ္ဘောဒီးယားနိုင်ငံတော်,လောနိုင်ငံတော်တို့မှ သံဃာတော်များ၊ ထိုနိုင်ငံတော်များ၏အစိုးရနှင့် ဗုဒ္ဓဘာသာဝင်ပြည်သူလူထုအပေါင်းတို့အားရင်း။

(၄၆) **ဒုတိယသန္နိပါတ** သို့ ကိုယ်တိုင်ကြွရောက်၍ အားပေး ချီးမြှောက်တော်မူကြသော ကမ္ဘောဒီးယား နိုင်ငံတော်၏ နရုတ္တမသီဟနုဘုရင်မင်းမြတ်အားရင်း။

(၄၇) **ကမ္ဘုဇလဝ တတိယသန္နိပါတ** သို့ ကြွရောက်ဖွင့်လှစ်ကာ အားပေး ချီးမြှောက်တော်မူသည့် လောနိုင်ငံတော်၏ အိမ်ရှေ့ မင်းသားကြီး စဝန်ဝတ္တနအားရင်း၊ ကမ္ဘောဒီးယား နိုင်ငံတော်ဝန်ကြီးချုပ် မစ္စတာ လင်(န)ငက် အားရင်း။

(၄၈) **သျာမ စတုတ္ထသန္နိပါတ** သို့ ကြွရောက်ဖွင့်လှစ်၍ ငွေတသိန်း ခြောက်သောင်းကျော်လှူဒါန်းခြင်း၊ သင်္ဂီတိကာရက ဆရာတော် သံဃာတော်တို့အား ဆွမ်းကပ် လှူခြင်းတို့ဖြင့် အားပေး ချီးမြှောက်တော်မူသည့် ထိုင်းနိုင်ငံတော် ဝန်ကြီးချုပ် စစ်သေနာပတိချုပ် မိဘွန်, ဆွန်, ဂရန် အားရင်း။

(၄၉) **သီရိလင်္ကာ ပဉ္စမသန္နိပါတ** သို့ ကြွရောက်ဖွင့်လှစ်၍ ဆရာတော် သံဃာတော်တို့အား ဆွမ်းကပ်လှူကာ အားပေး ချီးမြှောက်တော် မူသော သီဟိုဠ်အစိုးရ ယဉ်ကျေးမှုဝန်ကြီး မစ္စတာဇယဝိရကုရုပုအားရင်း။

www.dhammaransi.com



(၅၀) ဆဋ္ဌသံဂါယနာနှင့် သာသနာ ၂၅၀၀-ပြည့် အောင်ပွဲသို့ ကြွရောက် ချီးမြှောက်တော်မူကြသော ထိုင်းနိုင်ငံ, သီဟိုဠ်နိုင်ငံ, ကမ္ဘောဒီးယားနိုင်ငံ, လောနိုင်ငံ, ဂျပန်နိုင်ငံ, တရုပ်ပြည်သူ့သမတနိုင်ငံ, ပါကစ္စတန်နိုင်ငံ, အင်ဒိုနီရှားနိုင်ငံ, အစိုးရတို့၏ ကိုယ်စားလှယ်တော်များနှင့် ဗုဒ္ဓဘာသာအသင်းအဖွဲ့ ကိုယ်စားလှယ်တော်များအားရင်း။

အထူးအားဖြင့် သင်္ဂါယနာ ဆရာတော် သံဃာတော် ၂၅၀၀-ကျော်တို့အား ဆွမ်းကပ်လှူ ပူဇော်သည့် ထိုင်းနိုင်ငံတော် အစိုးရအားရင်း။

(၅၁) ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်သို့ ကြွရောက်လာကြသော ပုဂ္ဂိုလ်တို့ ဖူးမြော်ပူဇော်နိုင်စေရန် အလို့ငှါ ၁၉၅၅-ခု အောက်တိုဘာလ ၁၅-ရက်နေ့မှစ၍ သံဂါယနာကြီး ပြီးဆုံးသည်အထိ ဗုဒ္ဓအံတော်မြတ်ကို ပေးအပ်တော်မူသည့် တရုပ်ပြည်သူ့သမတနိုင်ငံတော်အစိုးရ ကွမ်ချီကျောင်း ဘုန်းတော်ကြီးများနှင့် ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးအားရင်း၊ ထို့ပြင် ဆဋ္ဌသံဂါယနာနှင့် သာသနာ ၂၅၀၀-ပြည့် အောင်ပွဲအတွက် ထည့်ဝင် လှူဒါန်းသည့် တရုပ်ပြည်သူ့သမတနိုင်ငံတော် ဗုဒ္ဓဘာသာအဖွဲ့ချုပ် ကိုယ်စားလှယ်တော်တို့အားရင်း။

(၅၂) **သီရိလင်္ကာ ပဋ္ဌမသန္နိပါတ** သို့ ကြွရောက်လာကြသော ပုဂ္ဂိုလ်တို့ ဖူးမြော်ပူဇော်နိုင်စေရန်အလို့ငှါ ၁၉၅၆-ခု၊ မတ်လ ၂၆-ရက်နေ့မှစ၍ ၁၉၅၆-ခု၊ ဧပြီလ ၂၅-ရက်နေ့အထိ တတိယသံဂါယနာတင် အရှင် မဟာမောဂ္ဂလိပုတ္တတိဿ၏ ဓာတ်တော်မြတ်ကို ပေးအပ်ခွင့်ပြုထားသည့် သီဟိုဠ်နိုင်ငံတော်အစိုးရအားရင်း။

(၅၃) ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို အားပေး ချီးမြှောက်သောအားဖြင့် ဓာတ်တော်, ရုပ်ပွါး ဆင်းတုတော်, ဗောဓိပင်, ပိဋကတ်

www.dhammaransi.com



တော်နှင့် သာသနာရေးဆိုင်ရာ အသုံးအဆောင်ပရိဘောဂစသော ပူဇော်ဘွယ် အမျိုးမျိုးတို့ကို လှူဒါန်းပူဇော်ကြသော သီဟိုဠ်နိုင်ငံ, ထိုင်းနိုင်ငံ, တရုပ်ပြည်သူ့သမတနိုင်ငံ, နီပေါနိုင်ငံ, အစိုးရ ရဟန်းတော်များနှင့် ဗုဒ္ဓဘာသာအသင်းအဖွဲ့တို့အားရင်း။

များစွာ ကျေးဇူးတင်ကြောင်း **မေ့ာ်ကွန်း** ထိုးလိုပါတယ်။

ဤသို့ ကတညုတ ကတဝေဒီမင်္ဂလာ ကျေးဇူးတင်စကား ပြောကြားပြီး အဆုံး **ဆုတောင်းပတ္ထနာ** ပြုလိုပါတယ်၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး,သာသနာ ၂၅၀၀-ပြည့် အောင်ပွဲတော်ကြီးတို့နှင့် သက်ဆိုင်သမျှသော သာသနဒါယကာအပေါင်းတို့သည်—

(က) အလှူရေစက် လက်နှင့်မကွာ လှူနိုင်ကြပါစေ။

(ခ) "ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော"ဆိုတဲ့ သမ္မပဓာန်တရားတော်အရ လက်ဝယ်ရရှိပြီးသော ဆဋ္ဌသံဂါယနာကုသိုလ်ထူးကြီးကို ပွါးများအောင် အားထုတ်နိုင်ကြပါစေ။

(ဂ) ပိဋကတ်တော်၌ ပါရှိတဲ့အတိုင်း သူတော်ကောင်းတရားကို ကျင့်ကြံ အားထုတ်နိုင်ကြပါစေ။

(ဃ) ဗုဒ္ဓသာသနာတော်ကြီး နှစ်ပေါင်း များစွာ တည်တံ့ ခိုင်မြဲလျက် တကမ္ဘာလုံး ထွန်းလင်းပြန့်နှံ့အောင် ချီးမြှောက် စောင့်ရှောက်နိုင်ကြပါစေ။

(င) ဘဝဆက်တိုင်း ကုသိုလ်ပြုဘက် ပုညသဟာယ, တရားကျင့်ဘက် ဓမ္မသဟာယ ဖြစ်ပြီး တဦးနှင့်တဦး အချင်းချင်း ပါရမီကို ကူညီဖြည့်စွမ်းနိုင်ကြပါစေ။

(စ) မိမိတို့ အလိုရှိရာ ဗောဓိဆုနှင့် ပြည့်စုံပြီးလျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်နိုင်ကြပါစေ—

ဟု လေးလေးနက်နက်ဆုတောင်းပတ္ထနာပြုပါတယ်။

www.dhammaransi.com